## သန့်ရှင်းရေးစီမံလုပ်ဆောင်မှုပတ်ဝန်းကျင်အခြေအနေ တိုးတက်ခြင်းအစီအစဉ်ပဏာမခြေလှမ်းများ 2012 ခုနှစ်၊ ဇူလိုင်လ

***အဖွဲ့အစည်း/တည်ဆောက်ပုံ***

| # | လုပ်ဆောင်ချက် | တာဝန်ရှိသော ဝန်ထမ်းအဖွဲ့ဝင်များ | လက်ရှိအခြေအနေ | ရည်မှန်းထားသော လုပ်ငန်းပြီးမြောက်ရန်ရက်စွဲ |
|---|---|---|---|---|
| 1 | PRM အစီရင်ခံစာက တင်ပြလာသည့်ကိစ္စများ၏ တိုးတက်မှုအတွက် သန့်ရှင်းရေးစီမံလုပ်ဆောင်မှု စံမံခန့်ခွဲရေးအား ပါဝင်ပံ့ပိုး ကူညီမှုများ ပေးနိုင်မည့်၊ အလုပ်ဆိုင်းခွဲသုံးခုလုံးမှ ပါဝင်သော သန့်ရှင်းရေးစီမံလုပ်ဆောင်ရေး ဝန်ဆောင်မှုများဆိုင်ရာ ဝန်ထမ်းများ အမျိုးအစားအဖုံဖုံပါဝင်သော အုပ်စုတစ်ခုဖြင့် ဖွဲ့စည်းထားသည့် အကြံပေးကော်မတီတစ်ခုကို ဖွဲ့စည်းရန်နှင့် ဌာနပတ်ဝန်းကျင်၏ အရေးပါသော အုတ်မြစ်များကို တန်ဖိုးထားပြီး လေးစားသော ထပ်လောင်းထောက်ခံချက်များကို ပေးရန်။ | ကြီးကြပ်မှုကော်မတီသည် ဤကော်မတီ ဖွဲ့စည်းခြင်းအတွက် စီမံခန့်ခွဲလျက်ရှိသည်။ | အကြံပေးကော်မတီအား ဖွဲ့စည်းထားပြီးဖြစ်ကာ စတင်ဆောင်ရွက်သည့် အစည်းအဝေးကို ဒီဇင်ဘာလ 15 ရက်နေ့တွင် ကျင်းပခဲ့သည်။<br><br>ကော်မတီသည် 2012 အကုန်အထိ နှစ်ပတ်လျှင် တစ်ကြိမ်တွေ့ဆုံရန် စီစဉ်ထားသည်။ | ပြီးစီး |
| 2 | အမြဲတမ်းအလုပ်တာဝန် ပေးအပ်ခြင်းများအတွက် တရားမျှတမှု ရှိစေရန် သေချာစေဖို့ အလုပ်တာဝန် ပေးအပ်ခြင်း ဓလေ့ထုံးစံများကို စိစစ်တည်းဖြတ်ရန်။ | သန့်ရှင်းရေးစီမံလုပ်ဆောင်မှုဒါရိုက်တာ Darius Dixon<br>FS HR ဒါရိုက်တာ Tracy Agnew<br>OHR အလုပ်ခန့်ထားရေးနှင့် ဝန်ထမ်းရေးရာ အကြီးတန်း ဒါရိုက်တာ Noreen Montgomery<br>OHR ဝန်ထမ်းနှင့် စီမံအုပ်ချုပ်မှု ဆက်ဆံရေးများ အကြံပေးအရာရှိ Chris Chiron | ကြားဖြတ်ကာလ ဆောင်ရွက်မှု – အလုပ်လိုအပ်ချက်အရ သို့မဟုတ် ဝန်ထမ်းရေးရာကိစ္စ ဖြေရှင်းချက်အရ တို့မှလွဲ၍ ဇုန်အတွင်း ရွှေ့ပြောင်းခြင်းများကို 2011 ခုနှစ် ဇူလိုင်လတွင် ဆက်မလုပ်တော့ဘဲ ရပ်ဆိုင်းထားသည်။<br>ပြန်လည်သုံးသပ်ထားသောလုပ်နည်းများကိုအကြမ်းပြုစုပြီးပြီဖြစ်ပါသည်။ | ဆက်လက်လုပ်ဆောင် နေသည်။ |
| 3 | အလုပ်ဆိုင်းခွဲသုံးခုထားရန်လိုမလို သို့မဟုတ် အပြောင်းအလဲ လုပ်နိုင်မှု ရှိမရှိနှင့် နေ့ပိုင်းအလုပ်ဆိုင်းကို ပိုမိုထားရန်လိုမလို တို့အတွက် အလုပ်ဆိုင်းခွဲ ခွဲဝေခြင်းနှင့် အချိန်ဇယားကို အကဲဖြတ်ရန်။ | အကြံပေးကော်မတီ | အဆင့်အတန်းတူ တက္ကသိုလ်များကို စစ်တမ်းကောက်ယူချက် လုပ်ဆောင်ပြီးပြီ။ | 2012 ခုနှစ် ဩဂုတ်လ 31 ရက် |
| 4 | သန့်ရှင်းရေးစီမံလုပ်ဆောင်မှု ဝန်ဆောင်မှုများဌာန၏ ဖွဲ့စည်းတည်ဆောက်ပုံကို စစ်ဆေးရန်။ | FS HR ဒါရိုက်တာ Tracy Agnew<br>OHR အုပ်စုခွဲခြားခြင်းနှင့် လျော်ကြေးဆိုင်ရာ အကြီးတန်း ဒါရိုက်တာ Jessica Moore<br>လက်ထောက် ဒုဥက္ကဋ္ဌ Anna Wu<br>OHR ဝန်ထမ်းနှင့် စီမံအုပ်ချုပ်မှု ဆက်ဆံရေးများ အကြံပေးအရာရှိ Chris Chiron | ကာလနှင့် အထပ်အလွှာ တည်ဆောက်ပုံကို လေ့လာလျက်ရှိပြီး ကျွန်ုပ်တို့၏ အဆင့်အတန်းတူ တက္ကသိုလ်များ၏ အစိတ်အပိုင်းတစ်ခုကို တိုင်းတာနေသည်။<br>သတင်းအချက်အလက်များကို စုဆောင်းနေပြီး ပိုင်းခြားစိတ်ဖြာကာ အကြံပြုချက်များကို ရေးသားလျက်ရှိသည်။ | 2012 ခုနှစ် ဩဂုတ်လ 31 ရက် |
| 5 | လက်ခံနိုင်ဖွယ်ရာမရှိသော လုပ်အားခကွာခြားခြင်း ရှိမရှိ သန့်ရှင်းရေးစီမံလုပ်ဆောင်မှုဆိုင်ရာ လစာအချက်အလက်များကို ပိုင်းခြားစိတ်ဖြာရန်။ | OHR အုပ်စုခွဲခြားခြင်းနှင့် လျော်ကြေးဆိုင်ရာ အကြီးတန်း ဒါရိုက်တာ Jessica Moore<br>EEO/ADA အရာရှိ Ann Penn | ဤပိုင်းခြားစိတ်ဖြာခြင်းကို အဖွဲ့သုတေသန နှင့် စစ်ဆေးအကဲဖြတ်ခြင်းရုံးမှ ပြုလုပ်ပါသည်။ | 2012 ခုနှစ်စက်တင်ဘာလ 30 ရက် |

| # | လုပ်ဆောင်ချက် | တာဝန်ရှိသော ဝန်ထမ်းအဖွဲ့ဝင်များ | လက်ရှိအခြေအနေ | ရည်မှန်းထားသော လုပ်ငန်းပြီးမြောက်ရန်ရက်စွဲ |
|---|---|---|---|---|
| 6 | ဖောက်သည်စိတ်ကျေနပ်မှုနှင့် သန့်ရှင်းရေးစီမံလုပ်ဆောင်ရေး ဝန်ဆောင်မှု၏ အရည်အသွေးအပေါ် စစ်တမ်းကောက်ယူရန်။ တိုးတက်လာမှုအပေါ် ဆုံးဖြတ်ချက်ချရန်အတွက် 1-2 နှစ်အတွင်း စစ်တမ်းကောက်ယူချက်/ပြန်လည်အကဲဖြတ်ရန်။ | လက်ထောက် ဒုဥက္ကဌ Anna Wu | နောက်ဆုံးကောက်ယူထားသော စစ်တမ်းကောက်ယူချက်မှာ 2011ခုနှစ် မတ်လက ဖြစ်သည်။ | 2013 ခုနှစ် မတ်လ |
| 7 | PRM ၏ ယုံကြည်စိတ်ချရမှု ကြေညာချက်နှင့် ကိုက်ညီသော၊ သို့မဟုတ် အစီရင်ခံစာထဲတွင် ဖော်ပြထားသည့် အခြားလုပ်ငန်းခွင် ပတ်ဝန်းကျင်ရေးရာ ကိစ္စများအပေါ် အခြေခံသော၊ PRM သို့ဖော်ပြထားသော တရားဥပဒေနှင့် မလျော်ညီသော နှောင့်ယှက်မှု သို့မဟုတ် ခွဲခြားဆက်ဆံမှု ဖြစ်နိုင်ချေများ ပါဝင်သော မည်သည့် လုပ်ဆောင်ချက်မဆိုအား အကြောင်းခိုင်လုံသည့်အလျောက် နောက်ဆက်တွဲ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်။ | သန့်ရှင်းရေးစီမံလုပ်ဆောင်မှုဒါရိုက်တာ Darius Dixon<br>FS HR ဒါရိုက်တာ Tracy Agnew<br>OHR ဝန်ထမ်းနှင့် စီမံအုပ်ချုပ်မှု ဆက်ဆံရေးများ အကြံပေးအရာရှိ Chris Chiron<br>EEO/ADA အရာရှိ Ann Penn | စုံစမ်းမှု လုပ်နေသည်။ | ဆက်လက် လုပ်ဆောင်နေသည် |
| 8 | တက္ကသိုလ်၏မူဝါဒပေါ်လစီများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီခြင်းရှိဖို့ သေချာစေရန်အတွက် သန့်ရှင်းရေး စီမံလုပ်ဆောင်မှု ဝန်ဆောင်မှုများ၏ဌာနတွင်း လုပ်ငန်းစည်းကမ်းများနှင့် မူဝါဒပေါ်လစီများအားလုံးကို ပြန်လည်ဆန်းစစ်ရန်။ | FS HR Doni Posey<br>သန့်ရှင်းရေးစီမံလုပ်ဆောင်မှုဒါရိုက်တာ Darius Dixon<br>OHR ဝန်ထမ်းနှင့် စီမံအုပ်ချုပ်မှုအဖွဲ့ ဆက်ဆံရေး အတိုင်ပင်ခံ Chris Chiron | တည်ရှိဆဲ မူဝါဒပေါ်လစီများနှင့် လုပ်ထုံးလုပ်နည်းများအား သုံးသပ်လျက်ရှိသည်။ | 2012 ခုနှစ် စက်တင်ဘာလ 30 ရက် |

***ဝန်ထမ်းအသစ်ခေါ်ယူခြင်းနှင့်ငှားရမ်းခြင်း***

| # | လုပ်ဆောင်ချက် | တာဝန်ရှိသော ဝန်ထမ်းအဖွဲ့ဝင်များ | လက်ရှိအခြေအနေ | ရည်မှန်းထားသော လုပ်ငန်းပြီးမြောက်ရန်ရက်စွဲ |
|---|---|---|---|---|
| 1 | ဝန်ထမ်းအသစ်ခေါ်ယူခြင်းများသည် တက္ကသိုလ်၏ မူဝါဒပေါ်လစီများနှင့် ကိုက်ညီမှုရှိကြောင်း သေချာစေရန်အတွက် ယာယီနှင့် အမြဲတမ်း သန့်ရှင်းရေးစီမံလုပ်ဆောင်ရေး ဝန်ဆောင်မှုများ ရာထူးများအားလုံးအတွက် အလုပ်အကိုင် လိုအပ်ချက်များနှင့် အင်တာဗျူးကျင့်ဝတ်များ အပါအဝင် ဝန်ထမ်းအသစ်ခေါ်ယူခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းစဉ်များကို ပြန်လည်ဆန်းစစ်ရန်နှင့် ခန့်အပ်လိုက်သော ပုဂ္ဂိုလ်တစ်ဦးချင်းတို့သည် ကျွန်ုပ်တို့၏ ဆက်သွယ်ရေးနှင့် လုပ်ငန်းဆောင်ရွက်ချက် လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း ပြန်လည်ဆန်းစစ်ရန်။ | OHR အလုပ်ခန့်ထားရေးနှင့် ဝန်ထမ်းရေးရာ အကြီးတန်း ဒါရိုက်တာ Noreen Montgomery<br>FS HR Trish Batchelor<br>OHR ဝန်ထမ်းနှင့် စီမံအုပ်ချုပ်မှုအဖွဲ့ ဆက်ဆံရေး အတိုင်ပင်ခံ Chris Chiron | HR ပါဝင်ပတ်သက်မှု ပိုမိုပါဝင်သည့် ပိုမိုဖွဲ့စည်းထားသည့် ယာယီနှင့် အမြဲတမ်း ဝန်ထမ်းအသစ်ခေါ်ယူသည့် နည်းလမ်းတစ်ရပ်ကို ရေးဆွဲပြီး အကောင်အထည်ဖော်ပြီးဖြစ်သည်။<br>ဝန်ထမ်းခန့်ထားရေး လုပ်ငန်းစဉ်တွင် ပါဝင်သော သန့်ရှင်းရေးစီမံလုပ်ဆောင်မှု ဝန်ထမ်းများကို သင်တန်းပေးပြီးဖြစ်သည်။<br>သန့်ရှင်းရေးစီမံလုပ်ဆောင်မှု ဝန်ထမ်းများရာထူးများအတွက် အလုပ်ခေါ်စာများနှင့် အင်တာဗျူးမေးခွန်းများကို ပြန်လည်ရေးသားလျက်ရှိသည်။<br>သတ်မှတ်ထားသော ကျင့်ထုံးများကို အသုံးပြုပြီး ဆက်လက်ပြုလုပ်မှု အခြေခံဖြင့် စောင့်ကြည့်စစ်ဆေးမည်။ | ပြီးမြောက် |

***လုပ်ငန်းဆောင်ရွက်ချက်စီမံခန့်ခွဲမှု***

| # | လုပ်ဆောင်ချက် | တာဝန်ရှိသော ဝန်ထမ်းအဖွဲ့ဝင်များ | လက်ရှိအခြေအနေ | ရည်မှန်းထားသော လုပ်ငန်းပြီးမြောက်ရန်ရက်စွဲ |
|---|---|---|---|---|
| 1 | လမ်းပြစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် သန့်ရှင်းရေး စီမံလုပ်ဆောင်မှု ကြီးကြပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးအဖွဲ့အတွက် အထောက်အကူဖြစ်စေသော၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆိုင်သော တုံ့ပြန်ချက်များဖြင့် ဝန်ထမ်းများအား ပံ့ပိုးပေးဖို့ ခွင့်ပြုရန်အတွက် လုပ်ငန်းဆောင်ရွက်ချက် စီမံခန့်ခွဲမှု လုပ်ငန်းစဉ်ကို ဖြည့်စွက်ပေးရန်။ | FS HR Doni Posey<br>OHR ဝန်ထမ်းနှင့် စီမံအုပ်ချုပ်မှု ဆက်ဆံရေးများ အကြံပေးအရာရှိ Chris Chiron | ရှေ့ ပြေးသဘော အကောင်အထည်ဖော် လုပ်ဆောင် ခြင်းအတွဲ FY ’12- ’13။ | ပြီးမြောက် |
| 2 | သန့်ရှင်းရေးစီမံလုပ်ဆောင်မှုဆိုင်ရာရာထူးဖော်ပြချက်များအားလုံးကို ပြန်လည်ဆန်းစစ်ရန်နှင့် စိစစ်တည်းဖြတ်ရန်။ | FS HR Trish Batchelor<br>OHR အုပ်စုခွဲခြားခြင်းနှင့် လျော်ကြေးဆိုင်ရာ အကြီးတန်း ဒါရိုက်တာ Jessica Moore<br>OHR ဝန်ထမ်းနှင့် စီမံအုပ်ချုပ်မှု ဆက်ဆံရေးများ အကြံပေးအရာရှိ Chris Chiron | သန့်ရှင်းရေးစီမံလုပ်ဆောင်မှုဒါရိုက်တာ အလုပ်ရာထူးဖော်ပြချက်များကို ပြန်လည် ရေးသား အကောင်အထည်ဖော်လျက်ရှိသည်။ လက်ထောက် ဒါရိုက်တာ၊ သန့်ရှင်းရေးလုပ်သူ၊ အဖွဲ့ခေါင်းဆောင်နှင့် ဗုံမန်နေဂျာ အလုပ်ရာထူးဖော်ပြချက်များကို ပြန်လည် ရေးသားပြီး ပြန်လည်ဆန်းစစ်ကာ အတည်ပြုပြီးဖြစ်သည်။ အခြား သန့်ရှင်းရေးစီမံလုပ်ဆောင်မှု အလုပ်ရာထူးဖော်ပြချက်အားလုံးကို ပြန်လည် ရေးသားပြီး ပြန်လည်ဆန်းစစ်လျက်ရှိသည်။ | 2012 ခုနှစ် ဇူလိုင်လ 31 ရက် |
| 3 | “အဖွဲ့လိုက်လုပ်ဆောင်ခြင်းနှင့် သက်ဆိုင်ရာလုပ်ငန်းတာဝန်ကို ပိုင်နိုင်ခြင်း” အခြေခံသဘောတရား လုပ်ငန်းသည် သန့်ရှင်းရေးစီမံလုပ်ဆောင်မှု လုပ်ငန်းစီမံကိန်းများအားလုံး အတွင်း၌ ပေါင်းစပ်ပါဝင်ဖို့ သေချာစေရန်နှင့် “ကြီးကြပ်ခြင်းနှင့် ဆိုင်သော” အခြေခံသဘောတရား လုပ်ငန်းသည် သန့်ရှင်းရေး စီမံလုပ်ဆောင်မှု ကြီးကြပ်ရေးအလုပ်စီမံကိန်းများ အားလံးအတွင်း၌ ပေါင်းစပ်ပါဝင်ဖို့ သေချာစေရန်တို့အတွက် တာဝန်ခံမှု၏ ရှင်းလင်းသော စီမံချက်များကိုပေးရန်။ | FS HR Doni Posey<br>OHR ဝန်ထမ်းနှင့် စီမံအုပ်ချုပ်မှု ဆက်ဆံရေးများ အကြံပေးအရာရှိ Chris Chiron | FY ’12- ’13 ရှေ့ ပြေးသဘော အကောင်အထည်ဖော် လုပ်ဆောင် ခြင်းများချမှတ်သည်။ | ပြီးစီး |

## *လေ့ကျင့်သင်တန်းပေးရေးနှင့်ဆက်သွယ်ရေး*

| # | လုပ်ဆောင်ချက် | တာဝန်ရှိသော ဝန်ထမ်းအဖွဲ့ဝင်များ | လက်ရှိအခြေအနေ | ရည်မှန်းထားသော လုပ်ငန်းပြီးမြောက်ရန်ရက်စွဲ |
|---|---|---|---|---|
| 1 | ပံ့ပိုးရေးအင်္ဂါရပ်များ ဝန်ဆောင်မှုများ/သန့်ရှင်းရေးစီမံဆောင်ရွက်မှု ဝန်ဆောင်မှုများဆိုင်ရာ ကြီးကြပ်သူများအားလုံးအတွက်ကြီးကြပ်ရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တစ်ခုကို အကောင်အထည် ဖော်ရန်။ | FS HR သင်တန်းပေးရေးအရာရှိ Ray Doyle<br>OHR ဆက်သွယ်ရေးနှင့်ပင်ကိုယ်စွမ်းရည် ဖွံ့ဖြိုးမှု အကြီးတန်းဒါရိုက်တာ Kathy Bryant<br>OHR ဝန်ထမ်းနှင့် စီမံအုပ်ချုပ်မှုအဖွဲ့ ဆက်ဆံရေး အတိုင်ပင်ခံ Chris Chiron | သန့်ရှင်းရေးစီမံလုပ်ဆောင်မှုဇုံ မန်နေဂျာများနှင့် လက်ထောက် ဒါရိုက်တာများအားလုံးသည် “Carolina တွင် ကြီးကြပ်မှု အခြေခံများ”တွင် သင်တန်းကို ပြီးမြောက်ခဲ့ပြီး အပြီးသတ်နေပြီး 2012 ခုနှစ် တလျောက် ကြီးကြပ်ရေးမှူး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တွင် အမည်စာရင်းသွင်းထားပြီးဖြစ်သည်။ | 2012 ခုနှစ် နိုဝင်ဘာလ 30 ရက် |
| 2 | သက်ဆိုင်ရာ တက္ကသိုလ် ပေါ်လစီများ (အနှောင့်အယှက်ပေးခြင်းနှင့် ခွဲခြားဆက်ဆံခြင်း ပေါ်လစီ၊ SPA နစ်နာမှု ပေါ်လစီနှင့် ပြန်လည်စေ့စပ်ရေးပေါ်လစီ)ဆိုင်ရာ သတင်းအချက်အလက်များ၊ ကျောင်းဝင်း အထောက်အပံ့များ၊ တိုင်ကြားချက်များကို မည်သို့ အမှုတွဲဖွင့်မည်၊ လျှို့ဝှက်ထိန်းသိမ်းခြင်းနှင့် လက်တုံ့ပြန်မှု ကင်းဝေးရေး ကာကွယ်မှုများ အပါအဝင် အနှောင့်အယှက် ပေးခြင်းနှင့် ခွဲခြားဆက်ဆံခြင်း တားမြစ်ချက်များနှင့်ပတ်သက်၍ သန့်ရှင်းရေးစီမံဆောင်ရွက်မှု ဝန်ထမ်းများနှင့် အုပ်ချုပ်ရေး (လိုအပ်ပါက စကားပြန်နှင့်အတူ) တို့အတွက် အားသစ်လောင်း သင်တန်းကို လိုအပ်ခြင်း။ | FS HR သင်တန်းပေးရေးအရာရှိ Ray Doyle<br>EEO/ADA အရာရှိ Camille Brooks<br>OHR အလုပ်သမားနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အကြံပေး Chris Chiron | သင်တန်းအချိန်ဇယားများအား နွေရာသီတွင် စီစဉ်ရေးဆွဲသွားမည်။ | 2012 ခုနှစ် ဩဂုတ်လ 31 ရက် |
| 3 | အင်္ဂလိပ်ဘာသာစကားဖြင့် စကားအပြန်အလှန် ပြောဆိုနိုင်ခြင်း မရှိသော လက်ရှိ သန့်ရှင်းရေးစီမံဆောင်ရွက်မှု ဝန်ဆောင်မှုလုပ်ငန်းများရှိ ဝန်ထမ်းများ အတွက် ဒုတိယဘာသာစကား(ESL)အဖြစ် အင်္ဂလိပ်ဘာသာစကား အစီအစဉ်များ ထောက်ပံ့ပေးပြီး လိုအပ်ချက် အဖြစ်ထားရှိရန်။ | သန့်ရှင်းရေးစီမံလုပ်ဆောင်မှုဒါရိုက်တာ Darius Dixon<br>FS HR သင်တန်းပေးရေးအရာရှိ Ray Doyle<br>OHR ဆက်သွယ်ရေးနှင့်ပင်ကိုယ်စွမ်းရည် ဖွံ့ဖြိုးမှု အကြီးတန်းဒါရိုက်တာ Kathy Bryant<br>OHR ဝန်ထမ်းနှင့် စီမံအုပ်ချုပ်မှုအဖွဲ့ ဆက်ဆံရေး အတိုင်ပင်ခံ Chris Chiron | ဘာသာစကား ကျွမ်းကျင်မှုများ အကဲဖြတ်ခြင်းကို ဆက်လက်လုပ်ဆောင်နေသည်။ ESOL 12 ပတ်သင်တန်းကိုဝန်ထမ်း 51 ယောက်အတွက် ဧပြီလ 6 ရက်နေ့တွင်ပြီးမြောက်ခဲ့ပြီဖြစ်ပါသည်။ ဒုတိယအကြိမ် သင်တန်းသည် ဇူလိုင် 12ရက်တွင်ပြီးမြောက်မည်ဖြစ်ပြီး တတိယမြောက်သင်တန်း များကို ပြုလုပ်ရန်အစီအစဉ်များရှိထားပါသည်။ ( စတင်မည့်ရက်ကို သတ်မှန်ရန်လိုပါသေးသည်။) ပထမပိုင်းသင်တန်းတွင်ပါဝင်သူများထံမှ Rosetta Stone | ဆက်လက် လုပ်ဆောင် နေသည်။ |

| # | လုပ်ဆောင်ချက် | တာဝန်ရှိသော ဝန်ထမ်းအဖွဲ့ဝင်များ | လက်ရှိအခြေအနေ | ရည်မှန်းထားသော လုပ်ငန်းပြီးမြောက်ရန်ရက်စွဲ |
|---|---|---|---|---|
| | | | ဘာသာစကားသင်တန်းသည် ဇူလိုင်လတွင် စတင်မည်။ | |

| | | | | |
|---|---|---|---|---|
| 4 | အောက်ပါတို့အပါအဝင် ဌာနတွင် ယဉ်ကျေးမှုဆိုင်ရာ အရေးတယူ ပြုစရာအကြောင်းများကို ကိုင်တွယ်ရန်အတွက် အသင်း–တည်ဆောက်မှု နည်းဗျူဟာများကို ဖန်တီးရန် – | အကြံပေးကော်မတီသည် ပဏာမခြေလှမ်းများ 4a နှင့် 4b တို့အတွက်ထောက်ခံချက်များကို ပြုလုပ်ပါလိမ့်မည်။<br><br>4c အတွက်<br>FS HR ဒါရိုက်တာ Tracy Agnew<br>သန့်ရှင်းရေးစီမံလုပ်ဆောင်မှုဒါရိုက်တာ Darius Dixon | အကြံပေးကော်မတီက ဆောင်ရွက်နေသည့် ပထမဆုံး စီမံကိန်းများအနက် တစ်ခု အပါအဝင်ဖြစ်လာပြီး သန့်ရှင်းရေးတွင် ပါဝင်ဆောင်ရွက်သူကို ရှာဖွေနေသည်။ အခြားစီမံကိန်းများ မတ်လတွင်စတင်မည်။ PRM မှတ်တမ်းများကို တုံ့ပြန်ရာတွင် တိုးတက်မှုများအတွက် ထားရှိထားသော ပန်းတိုင်များကို ရေးရှုလုပ်ကိုင်ရန် အတွက် အကြံပေးကော်မတီ သည် ကော်မတီခွဲ ၃ခုကိုဖွဲ့စည်းခဲ့ပါသည်။ ထိုသုံးချက်မှာ ၁) အလုပ်အဆိုင်းများနှင့် အလုပ်အချိန်ဇယားများနှင့် သက်ဆိုင်သော ကိစ္စများ၏အဆိုးနှင့်အကျိုးများ ၂) အချင်းချင်း အပြန်အလှန်နားလည် မှုများ ကိုဖြစ်ပေါ်လာစေရန် ဓလေ့အပြောင်းအလဲနှင့်နား လည်မှုများကိုတိုးမြှင့် ရန်နည်းလမ်းများ ၃) ဆက်သွယ်မှုစနစ်ကို တိုးတက်ကောင်းမွန်လာစေရန်အတွက် သင်တန်းနှင့် အကြံများ သို့မဟုတ် ရှင်းလင်းမှုများကို လိုအပ်သော ပေါ်လစီကိစ္စများ | 2012 ခုနှစ် ဒီဇင်ဘာလ 31 ရက် |
| a. | ယဉ်ကျေးမှု အမျိုးမျိုးနှင့်ပတ်သက်၍ အရေးတယူပြုစရာကိစ္စများကို ကိုင်တွယ်ခြင်းနှင့် အုပ်ချုပ်ရေး/ဝန်ထမ်းနှင့်ပတ်သက်၍ အရေးတယူပြုစရာကိစ္စများကို ပြုပြင်မွမ်းမံခြင်းတို့ပါဝင်သော အသင်းတည်ထောင်မှု နည်းဗျူဟာများကို ဖန်တီးခြင်း။ | | | |
| b. | အသိပညာနှင့် ဆက်ဆံရေးကျွမ်းကျင်မှု တိုးတက်လာစေရန် ပေါ်လစီများကို နားလည်မှုနှင့် လူလူချင်းဆက်ဆံမှုဆိုင်ရာ/အသင်းလိုက် ကျွမ်းကျင်မှုများနှင့် ပတ်သက်၍ ဝန်ထမ်းများအတွက်သင်တန်းများကို အာရုံစိုက်ရန်နှင့် စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားရန်။ | | | |
| c. | အခြားသင်တန်းများအတွက် နယ်မြေအမျိုးမျိုးတွင် လိုအပ်သော သီးခြား အလုပ်အုပ်စုကို အကဲဖြတ်ရန်။ | | | |
| 5 | အခြေခံ စာရွက်စာတမ်းများ/ပေါ်လစီများကို သန့်ရှင်းရေးဝန်ဆောင်မှုလုပ်ငန်းများရှိ လက်ရှိဝန်ထမ်းများ၏ မိခင်ဘာသာစကားသုံးခု(စပိန်၊ မြန်မာနှင့် ကရင်)သို့ ဘာသာပြန်ရန်။ | OHR ဝန်ထမ်းအဖွဲ့ဝင်များ<br>FS HR ဒါရိုက်တာ Tracy Agnew | PRM အစီရင်ခံစာနှင့် တားမြစ်ထားသည့် အနှောင့်အယှက်ပေးမှုနှင့် ခွဲခြားဆက်ဆံမှု မူဝါဒကို ဘာသာ ပြန်ဆိုပြီး ဖြစ်သည်။ SPA နစ်နာချက်မူဝါဒနှင့် အလုပ်ခွင်တွင်း အကြမ်းဖက်မှုမူဝါဒအတွက် ဘာသာပြန်ဆိုမှု ပြုလုပ်ပြီးစီးသွားပြီဖြစ်ပါသည်။ အခြား မှတ်တမ်းများနှင့်မူဝါဒများကို လိုအပ်သည်ဟုမှတ်ယူသည့်အတိုင်း ဆက်လက် ဘာသာပြန်ဆိုရန်လိမ့်မည်။ | ဆက်လက် လုပ်ဆောင်နေသည် |
| 6 | သန့်ရှင်းရေးဝန်ဆောင်မှုလုပ်ငန်းများရှိ လက်ရှိဝန်ထမ်းများ၏ မိခင်ဘာသာစကား သုံးခု(စပိန်၊ မြန်မာနှင့် ကရင်)သို့ ဘာသာပြန်ထားသော မူကွဲများအပါအဝင် SPA ဝန်ထမ်းလက်စွဲစာအုပ် မိတ္တူများကို ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် ဖြန့်ဝေရန်။ | OHR ဆက်သွယ်ရေးနှင့်ပင်ကိုယ်စွမ်းရည် ဖွံ့ဖြိုးမှု အကြီးတန်းဒါရိုက်တာ Kathy Bryant<br>FS HR ဒါရိုက်တာ Tracy Agnew | လက်စွဲစာအုပ်ကို OHR မှ အပြီးသတ် ဆောင်ရွက်နေသည်။ | 2012 ခုနှစ်ဩဂုတ်လ 31 ရက် |
| 7 | လိုအပ်ပါက အစည်းအဝေးများတွင် စကားပြန်များ ထားပေးရန်။ | အကြံပေးကော်မတီမှ နောက်ထပ်ထောက်ခံချက်များ ရှိပါက ပေးရန်။ | လိုအပ်သည်ဟုမှတ်ယူသည့်အခါ စကားပြန်များကို ဆက်လက်ထားပေးမည်။ စာချုပ်တွင် တယ်လီဖုန်းဖြင့်ဘာသာပြန်ပေးခြင်း ဝန်ဆောင်မှုများကိုလည်းထည့်သွင်းထားခြင်းများပါဝင်ပါသည်။ | ဆက်လက် လုပ်ဆောင်နေသည် |

***လုံခြုံရေး***

| # | လုပ်ဆောင်ချက် | တာဝန်ရှိသော ဝန်ထမ်းအဖွဲ့ဝင်များ | လက်ရှိအခြေနေ | ရည်မှန်းထားသော လုပ်ငန်းပြီးမြောက်ရန်ရက်စွဲ |
|---|---|---|---|---|
| 1 | တတိယ–အဆိုင်း သန့်ရှင်းရေးစီမံဆောင်ရွက်မှု ဝန်ထမ်းများ (တနင်္လာ–ကြာသပတေးနေ့များတွင် ညနေ 11 နာရီမှာ မနက် 3နာရီအထိ လောလောဆယ်ရနိုင်သော ဝန်ဆောင်မှု)အတွက် တက္ကသိုလ်ဝင်းအတွင်း တစ်နေရာမှ တစ်နေရာသို့သွားရာတွင် အစောင့်အရှောက်များဖြင့် ပံ့ပိုးပေးရန်အတွက် UNC Safewalk သို့မဟုတ် အလားတူ အဖွဲ့အစည်းနှင့် သဘောတူစာချုပ်ချုပ်ဆိုခြင်း ကို ထည့်သွင်းစဉ်းစားရန်။ | သန့်ရှင်းရေးစီမံလုပ်ဆောင်မှုဒါရိုက်တာ Darius Dixon<br>OHR ဝန်ထမ်းနှင့် စီမံအုပ်ချုပ်မှု ဆက်ဆံရေးများ အကြံပေးအရာရှိ Chris Chiron | သန်ဏ္ဍာရှင်းရေးစီမံလုပ်ဆောင်မ× အ=ကံပေးကော်မတီမှ လုံခြုံရေးဆိုင်ရာနည်းလမ်းများတိုးမြှင့်လာစေရန်အတွက် ဆွေးနွေးမ× များကိုဆက်လက်လုပ်ဆောင်လျက်ရှိပါသည်၊ | ပြီးမြောက် |
| 2 | အန္တရာယ်များသော နေရာများ နှင့်/သို့မဟုတ် အချို့အချိန်များတွင် ပုံမှန် ကင်းလှည့်ခြင်းကို ပိုမို ဆောင်ရွက်ကြောင်း သေချာစေရန် UNC ပြည်သူ့လုံခြုံရေးနှင့် လက်တွဲဆောင်ရွက်ရေးကို လေ့လာ ဖော်ထုတ်ရန်။ | သန့်ရှင်းရေးစီမံလုပ်ဆောင်မှုဒါရိုက်တာ Darius Dixon | သန့်ရှင်းရေးစီမံဆောင်ရွက်မှု ဒါရိုက်တာသည် ဖြစ်နိုင်ခြေရှိသည်များကို လေ့လာဖော်ထုတ်ရန် ပြည်သူ့လုံခြုံရေးကို ဆက်သွယ်နေသည်။ | ပြီးမြောက် |
| 3 | သန့်ရှင်းရေးစီမံဆောင်ရွက်မှု ဝန်ထမ်းများအားလုံးတွင် လိုအပ်ပါက ComPsych ကို မည်သို့ဆက်သွယ်ရမည့် သတင်းအချက်အလက် များရှိကြောင်း သေချာစေရန်။ | FS HR La-Kristyn McLean | EAP သတင်းအချက်အလက် စာရွက်ကို စပိန်၊ မြန်မာ၊နှင့် ကရင်ဘာသာသို့ ဘာသာပြန်ဆိုပြီးဖြစ်ကာ သန့်ရှင်းရေးစီမံဆောင်ရွက်မှု ဝန်ထမ်းများနှင့် မျှဝေပြီးဖြစ်သည်။ EAP စာချုပ်ချုပ်ဆိုမှုက ComPsych သို့ ဖေဖော်ဝါရီ 1 ရက်နေ့တွင် ပြောင်းလဲခဲ့သည်။ ပြန်လည်သုံးသပ်ထားသော ဘာသာပြန်ဆိုမှုများကို အသစ်ပြုပြင်ပြီးသောဆက်သွယ်ရန် အချက်အလက်များနှင့်အတူ ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ | ပြီးမြောက် |